## မျိုးသန့်ရွေးချယ် သိမ်းဆည်းခြင်း

❖ မျိုးသန့်စင်စေရန် မျိုးကွဲပယ်ရာတွင်(True to Type) အခြေခံ၍ ရွေးချယ်ပါ။

❖ **အပင်ပွားစည်းချိန်တွင်**
(ပင်ရပ် ခြားနားပုံ၊ အပင်ပုံစံ ခြားနားသောအပင်၊ ပင်စည်စုထောင်ခြင်း၊ ပင်စည်ပြန့်ထားခြင်း)
**ပန်းပွင့်ချိန်တွင်**
(စိုက်သည့်မျိုးထက် ပုံမှန်ပန်းပွင့်ချိန် စောလွန်းနောက်ကျလွန်းခြင်း၊ အနှံထွက်ပြီး ပုံမှန်ပင်ရပ်ထက် နိမ့်သောအပင်နှင့် မြင့်သောအပင်များ၊အသီးပုံသဏ္ဍာန် မတူခြင်း)

❖ **ရင့်မှည့်ချိန်တွင်**
(ရင့်မှည့်မှုစောခြင်း၊ နောက်ကျလွန်းခြင်း၊ စပါးလုံးပုံသဏ္ဍာန်အရောင်နှင့် အရွယ်အစားကွဲပြားသောအပင်)များ စသောအချက်များပေါ် မူတည်၍ နုတ်ပယ်ပါ။

❖ မောင်းညီချိန်တွင် ရိတ်သိမ်း၊ ခြွေလှေ့၊ သန့်စင်အခြောက်ခံ၍ မျိုးအဖြစ် သိုလှောင်သိမ်းဆည်းပါ။

❖ စိုက်ကေ (၀ . ၁၂ )ကေမှ တစ်ကေအထွက်နှုန်း (၅၀) တင်းနှုန်းဖြင့် (၅)တင်း ထွက်ရှိလာပြီး လာမည့်နှစ် မျိုးသန့်စိုက်ခင်း (၅)ကေအထိ စိုက်ပျိုးနိုင်မည်။



### ကွင်းဆင်းစစ်ဆေးခြင်း

- အပင်ပွားစည်ချိန်
- ပန်းပွင့်ချိန်
- ရင့်မှည့်ချိန်







''စရိတ် ကျဉ်းကျဉ်း၊ မျိုးသန့်ရှင်း
လက်ငင်း အမြတ်ရ . . . . .

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန မှ
ထုတ်ဝေထားသည့် ပညာပေးလက်ကမ်းစာစောင်များအား
မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထပ်ဆင့်ဖြန့်ဝေပါသည်။

MRF
Myanmar Rice Federation

# ခေါင်နှံ့ကောက်၍ မျိုးသန့်ရွေးချယ် ထိန်းသိမ်းစိုက်ပျိုးခြင်း



# ကိုယ်မျိုးကိုယ်ထား ခေါင်နှံမျိုးသန့်စပါး ရွေးချယ်စိုက်ပျိုးနည်းပညာ

## ဆောင်ရွက်ပုံနည်းလမ်းများ

### ခေါင်နှံသိမ်းဆည်းခြင်း


- ရိတ်သိမ်းခါနီး၊ စပါးခင်းမှ ခေါင်နှံ(၅၀၀)ကို သိမ်းဆည်းဖြတ်ယူ၍ အလံရွက်များ ဖယ်ရှားပြီး ကြိုးစည်း အခြောက်လှန်း သိမ်းဆည်းပါ။
- ခေါင်နှံ(၅၀၀)မှ အရွယ်အစားအကြီးဆုံး၊ အောင်စေ့အများဆုံး၊ ရောဂါအကင်းဆုံး ခေါင်နှံ(၂၅၀)ကို ထပ်မံရွေးချယ်ပါ။



ခေါင်နှံ(၅၀၀) → ခေါင်နှံ(၂၅၀)

### ပျိုးဘောင်ပြုလုပ် ပျိုးထောင်ခြင်း


- ( ၃ x ၄၅ ) ပေအရွယ် သမန်းစိုဘောင်ပြုလုပ်၍ ပျိုးထောင်ပါ။
- (၄) လက်မစီခြားသော (၁)လက်မအနက် စိုက်မြောင်း (၁၂၅)မြောင်းကို ဝါးချွန်ဖြင့် အရာပေးပါ။
- ခေါင်နှံ(၂)ခုအား စိုက်မြောင်းတစ်ခုစီတွင် အနှံရိုးချင်းထိပ်ချင်းဆိုင်၍ အလိုက်သင့် မြောင်းအတွင်းချပြီး မြေဖြင့် ဖုံးပါ။
- ရေမပြတ်စေရန်နှင့် ပိုးမွှားရောဂါကာကွယ်ပါ။




တန်းကြား– ၄"၊ အနက် ၁"
စိုက်မြောင်း(၁၂၅)မြောင်းအရွယ် ပျိုးဘောင်

**''တစ်စေ့မှ တစ်နှံ၊ တစ်နှံမှ တစ်ကွင်း တစ်ကွင်းမှ တစ်ပြည်နယ်လုံးဆီသို့''**

(၁)''အနက်
စိုက်မြောင်း



အနှံအရိုးထိပ်ချင်းဆိုင်ချထား

### ပျိုးနှုတ် စိုက်ပျိုးခြင်း

- ပျိုးသက် (၂၀–၂၅) ရက်အတွင်း ခေါင်နှံတစ်ခုစီမှ အသန်စွမ်းဆုံး ပျိုးပင် (၃၀ မှ ၅၀) ကို လက်သပ်ရွေးနှုတ်ပြီး ပျိုးစီးတစ်စီးစည်းပါ။
- ပျိုးတစ်စီးလျှင် ကောက်တန်းတစ်တန်း စနစ်ဖြင့် တန်ကြားပင်ခြား (၁၀ x ၁၀) လက်မထား၍ အသန်စွမ်းဆုံး ပျိုးပင်(၃၀)ကို လက်ဆတစ်ပင်ချင်းစနစ်ဖြင့် ရွေးချယ်စိုက်ပျိုးပါ။
- တစ်တန်းလျှင် (၃၀) ပင်ဖြင့် (၂၅၀)တန်း စိုက်ပါ။ ပျိုးပင်ပေါင်း (၇၅၀၀) အတွက် (၀. ၁၂)ဧက ရရှိမည်။